ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၅၀၀-ဆည/ ခွဲ(၅) လိုင်စင်/ ၁၉၇၅(က)
ရက်စွဲ ၊၂၀၁၇ ခုနှစ်၊ ဧပြီလ ၆ ရက်

အကြောင်းအရာ။ **နိုင်ငံတော်၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု အခြေအနေ တင်ပြပေးရန်ကိစ္စ**

ရည် ညွှန်း ချက်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ (၃၀-၃-၂၀၁၇) ရက်စွဲပါ စာအမှတ်၊ စစတ/ဖစပ(၂)(၆၆၅/၂၀၁၇)

၁။ ရည်ညွှန်းပါစာအရ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုအခြေအနေကို သုံးလတစ်ကြိမ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ရမည်ဖြစ်ပြီး ထိုမှတဆင့် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အစီရင်ခံတင်ပြရန်ရှိပါသည်။

၂။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များ ချထားဆောင်ရွက်ပေးလျက်ရှိရာတွင် လိုင်စင်ရကုမ္ပဏီများအနေဖြင့် နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများအနေဖြင့် နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့မှု အခြေအနေအား ပူးတွဲပါဇယားတွင် ဖြည့်စွက်၍ ပြန်လည်ပေးပို့ပေးပါရန်နှင့် သုံးလတစ်ကြိမ် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပုံမှန်တင်ပြပေးသွားရန် အကြောင်းကြားပါသည်။

**ပူးတွဲပါ (၁) စောင်**

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးဆွေ၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

**လိုင်စင်ရဆက်သွယ်ရေးကုမ္ပဏီများအားလုံး**

မိတ္တူကို
- ရုံးလက်ခံ
- မျှော

Licence New

| စဉ် | အကြောင်းအရာ | (၃၁-၃-၂၀၁၇) အထိ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | ခန့်ပြီးအင်အား | | | | |
| ၂ | လုပ်ငန်းအမျိုးအစား | | | | |
| ၃ | တည်နေရာ | | | | |
| | စုစုပေါင်း | | | | |